# ကြက်မောက်ဖြူ


Scientific name - *Celosia argentea* L.

Common name - Celosia

Family - Amaranthaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်ပြီး ထောင်မတ်၍ပေါက်သည်။ အပင်အမြင့် ၀.၄ - ၂ မီတာ အထိရှည်သည်။ ကိုင်းဖြာထွက်မှုနည်းပြီး တုတ်ခိုင်သောပင်စည်ရှိ၍ အမြောင်းပါသည်။ ပြောင်ချောပြီး အစိမ်းရောင် သို့မဟုတ် အနီရောင်သန်းသည်။ ရေသောက်မြစ်သည် သန်မာပြီး နက်နက်ဆင်းသည်။ အရွက်မှာ ချောမွေ့ရှည်သွယ်သောလုံသွားပုံရှိပြီး ရွက်လွှဲထွက်သည်။ အပွင့်များများပွင့်ပြီး ပန်းပွင့်အရောင်မှာ ငယ်စဉ်အခါ ခရမ်းဖျော့ရောင် သို့မဟုတ် အဖြူရောင်အဖြစ်တွေ့ရသည်။ ပန်းခိုင်မှာ ထိပ်ထွက်ပန်းခိုင်ဖြစ်သည်။ အစေ့သည် ပြောင်ချောသောအနက်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။